## မတန်ဘူးထင်ရင်

လူနာ ကျွန်တော့် နာနေတဲ့သွားကို ဘယ်လိုလုပ်ရမလဲ ဆရာ။

ဆရာဝန် နုတ်ရမှာပေါ့။

လူနာ နုတ်ခ ဘယ်လောက်ယူသလဲဆရာ။

ဆရာဝန် ခင်ဗျားသွားက အကြောတွေဘာတွေ မထိအောင် နုတ်ရမှာဗျ။ ပုံမှန်အားဖြင့်တော့ သွားတစ်ချောင်းကို ငွေ တစ်သောင်းယူပါတယ်။

လူနာ တစ်သောင်းဆိုတော့ များတာပေါ့ ဆရာရယ်။

ဆရာဝန် မများပါဘူးဗျာ။ ဒါ ပုံမှန် ယူနေကျနှုန်းပါပဲ။

လူနာ မဟုတ်ဘူးလေ ဆရာရဲ့။ သွားတစ်ချောင်းကို နုတ် တယ်ဆိုတာ အချိန်ဘယ်လောက် ကြာမှာမို့လို့ လဲ။ ဖြုတ်ခနဲ ခဏလေး ဆွဲနုတ်လိုက်ရင် ပြီးတာပဲ မဟုတ်လား။

ဆရာဝန် ခင်ဗျားက မတန်ဘူးလို့ ထင်တယ်ပေါ့။

လူနာ မတန်ဘူးရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဈေး နည်းနည်းများနေသလားလို့ပါဗျာ။

ဆရာဝန် ဒါဆိုရင် ဒီလိုလုပ်ဗျာ။ ကျွန်တော်ကတော့ ပုံမှန် ဈေးကို မလျှော့နိုင်ဘူး။ ဒါပေမဲ့ ခင်ဗျားလည်း တန်တယ်ထင်ရအောင် ဖြည်းဖြည်းချင်းပဲ အကြာ ကြီး ဆွဲနုတ်ပေးမယ်၊ ဟုတ်ပြီလား။